မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 17 , 2022 Volume 55, Number 13

**၁၇.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၉၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၇၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၄၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မန္တလေးကုန်စည်ဒိုင်၏ မြေပဲလုံးဆန်များ ဈေးနှုန်းမြင့်တက်လာ

**မြေပဲလုံးဆံ**ကို တရုတ်ဈေးကွက်မှဝယ်ယူမှုရှိခြင်း၊ ရန်ကုန်ဝယ်လက်မှလည်း ပုံမှန်ဝယ်ယူလျက်ရှိခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ဈေးကွက်လက်ကျန်နည်းနေကြောင်းလည်းသိရသည်။ S1 ဆီဆံကိုလည်း ဆီစက်သမားများမှ ပုံမှန်ဝယ်ယူလျက်ရှိသည်။ ရန်ကုန်ဝယ်လက်နှင့်ဆီစက်သမားများမှ ဝယ်ယူလျက်ရှိကြောင်းသိရသည်။

**မြေပဲလုံးဆံ(ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၄၄၀၀ မှ ၄၅၀၀၊ ယခင်တစ်ပတ် ကျပ် ၄၀၀၀ မှ ၄၁၅၀၊ ယခင်လ ကျပ် ၃၉၀၀ မှ ၄၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၅၀ မှ ၄၀၀ ၊ ယခင်လထက် ကျပ် ၅၀၀ မြင့်တက်လာသည်။

**မြေပဲလုံးဆံ(နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၄၃၀၀ မှ ၄၃၅၀၊ ယခင်တစ်ပတ်ကျပ် ၃၈၀၀ မှ ၃၉၅၀၊ ယခင်လကျပ်၃၇၅၀ မှ ၃၈၅၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀ မှ ၅၀၀၊ ယခင်လထက်ကျပ် ၅၀၀ မှ ၅၅၀ မြင့်တက်လာသည်။

**S1 ဆီဆံ** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၄၂၀၀ မှ ၄၃၀၀၊ ယခင်တစ်ပတ်ကျပ် ၃၈၀၀ မှ ၄၀၀၀၊ ယခင်လကျပ် ၃၆၅၀ မှ ၃၈၅၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၄၀၀၊ ယခင်လထက် ကျပ် ၄၅၀ မှ ၅၅၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုံ ဟိုဌာန

## ဇဟိုဘဏ်ကရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေဩဇာတန် ၇၅၀၀၀ ခန့်ကို အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ကြိုက်ဝယ်စနစ်ဖြင့် ရောင်းချ

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေဩဇာ တန် ၇၅၀၀၀ ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီမှ ထုတ်ပြန်ထားသည်။

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသည် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိ သက်ဆိုင်ရာအရောင်းဆိုင်များ၌ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကို မြို့နယ်အလိုက်သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၀၀၁၃၅၊ သမဝါယမဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၈၆၂ နှင့် တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့်ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့ ဆက်သွယ်နိုင်သည်။

ယူရီးယားမြေသြဇာ 50 Kg ပါ တစ်အိတ်လျှင် ရန်ကုန်ဂိုဒေါင်ဈေး ကျပ် ၈၆၀၀၀၊ ပဲခူးတိုင်းဒေသကြီး ပဲခူးတွင် ကျပ် ၈၇၈၀၀၊ ပြည်တွင် ကျပ် ၈၈၆၀၀၊ မန္တလေးတိုင်းဒေသကြီးတွင် ကျပ် ၈၈၆၀၀၊ မကွေးတိုင်းဒေသကြီး မကွေးတွင် ကျပ် ၈၉၀၀၀၊ စလင်း/ပွင့်ဖြူတွင် ကျပ် ၈၉၁၀၀၊ မွန်ပြည်နယ် မော်လမြိုင်/သထုံတွင် ကျပ် ၈၈၈၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတွင် ကျပ် ၈၉၅၀၀၊ ရွှေဦး/ရွှေဘိုတွင် ကျပ် ၈၉၈၀၀၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွတွင် ကျပ် ၈၈၀၀၀၊ ထန်းတပင်တွင် ကျပ် ၈၆၅၀၀၊ ရခိုင်ပြည်နယ်၌ စစ်တွေတွင် ကျပ် ၉၂၆၀၀၊ မောင်တောတွင် ကျပ် ၉၉၄၀၀၊ ကရင်ပြည်နယ်၌ဘားအံတွင် ကျပ် ၈၈၈၀၀၊ လှိုင်းဘွဲ့တွင် ကျပ် ၈၉၃၀၀၊ ဧရာဝတီတိုင်းဒေသကြီး၌ ပုသိမ်တွင် ကျပ် ၈၈၂၀၀၊ ဟင်္သာတတွင် ကျပ် ၈၈၁၀၀ ၊ ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံတွင် ကျပ် ၉၆၀၀၀၊ မိုင်းတုံတွင် ကျပ် ၁၀၀၈၀၀၊ ရှမ်းမြောက်၌ လားရှိုးတွင် ကျပ် ၉၂၀၀၀၊ ကျောက်မဲတွင် ကျပ် ၉၀၁၀၀၊ ရှမ်းတောင်၌ တောင်ကြီးတွင် ကျပ် ၈၉၅၀၀၊ ကလောတွင် ကျပ် ၈၈၈၀၀၊ မိုင်းပန်တွင် ကျပ် ၉၂၀၀၀ တို့ဖြစ်သည်။ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိပါက မြို့နယ်အဆင့်ရောင်းချရေးကော်မတီသို့ သတင်းပို့ဝယ်ယူနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/232500

## ၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့်လက်လုပ်လက်စား ရွှေလုပ်ကွက် ၃၅၀ ကျော်မှ အခွန်အခပေးသွင်းရန် ကျန်ရှိနေကြောင်းထုတ်ပြန်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ သုံးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် လက်လုပ်လက်စား ရွှေလုပ်ကွက် ၃၅၀ ကျော်မှ နိုင်ငံတော်သို့ အခွန်အခများပေးသွင်းရန် ကျန်ရှိနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ကျွန်းလှမြို့နယ်များတွင် ဓာတ်သတ္တု(ရွှေ)အသေးစားနှင့် ဓာတ်သတ္တု(ရွှေ) လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားသည့် လုပ်ကွက်များအနက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ Cabinet က အတည်ပြုပြီး အခွန်အခပေးသွင်းရန်ပျက်ကွက်နေသော ဓာတ်သတ္တု (ရွှေ) အသေးစားလုပ်ကွက်ပေါင်း ၂၅၆ ကွက်နှင့် ဓာတ်သတ္တု(ရွှေ) လက်လုပ်လက်စားလုပ်ကွက်ပေါင်း ၉၈ ကွက်တို့မှာ အခွန်အခပေးသွင်းရန်ကျန်ရှိနေကြောင်း ထုတ်ပြန်ထားသည်။

အခွန်အခပေးသွင်းရန် ကျန်ရှိနေသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များထံသို့ ရှေ့နေနို့တစ်စာများ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ပေးသွင်းရန်ကျန်ရှိနေသော အခွန်အခများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ခတ်သတ္တု(ရွှေ) အသေးစား လေးကေလုပ်ကွက်တစ်ကွက်လျှင် ကျပ် ၁၁ ဒသမ ၉၄၈ သန်း (ကျပ် ၁၁,၉၄၈,၅၆၃ ဒသမ ၃၂) နှင့် ခတ်သတ္တု (ရွှေ) လက်လုပ်လက်စား တစ်ကေလုပ်ကွက် တစ်ကွက်လျှင် ကျပ် ၁ ဒသမ ၁၄၇ သန်း (ကျပ် ၁,၁၄၇,၁၄၀ ဒသမ ၈၃) အား အမြန်ဆုံးပေးသွင်းဆောင်ရွက်ကြရန် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရှေ့နေနို့တစ်စာများ ပေးပို့ဆောင်ရွက်ရာတွင် ခန္တီးခရိုင်အတွင်းရှိ ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ လိပ်စာရှင်ရှာမတွေ့သောကြောင့် စာတိုက်မှပြန်လည်ပေးပို့လာသော ကုမ္ပဏီ/လူပုဂ္ဂိုလ် ၆၀ ကျော်အနေဖြင့် လာမည့် ဇူလိုင် ၁၆ ရက် နောက်ဆုံးထား ပေးသွင်းရန် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ပေးသွင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်လအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရွှေသတ္တုလုပ်ကွက်များမှ ရွှေသတ္တု ၂၇၅ ဒသမ ၃၅ ထရိုင်အောင်စ ထုတ်လုပ်ထားပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အများဆုံးဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/232503

## ကြက်သွန်နီဈေးပြန်ကျ ပဲဆီဈေးအနည်းငယ်တက်

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ဆက်တိုက်အတက်ပဲပြခဲ့တဲ့ ကြက်သွန်နီဈေးတွေဟာဆိုရင် ဒီနေ့ ဇွန် ၁၆ ရက်မှာတော့ အကျဈေးဘက်ကို အနည်းငယ်ပြန်ရောက်သွားပါတယ်။ အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၅၀ ကနေ ၁၀၀ ခန့်စီ ဈေးကျသွားတာပါ။

ပုသိမ်ဈေးကွက်မှာတော့ ပဲဆီ(လက်ကား) ဈေးတွေ တစ်ပိဿာ ကျပ် ၁၀၀၀၀ ကျော်ထိဖြစ်လာပြီး အနည်းငယ်တက်လာပါတယ်။ ဆက်တိုက်အတက်ဈေးရှိနေတဲ့ မတ်ပဲဈေးနှုန်းကတော့ ဆက်တက်နေဆဲဖြစ်ပါတယ်။

မတ်ပဲ(အက်ဖ်အေကျူအာစီ) (၂၀၂၂) ဘုရင့်နောင် 1570000ကျပ်

မတ်ပဲ(အက်စ်ကျူအာစီ) (၂၀၂၁) ဘုရင့်နောင် 1760000 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) (၁)ပိဿာ 1800 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) (၁)ပိဿာ 1750 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (၁)ပိဿာ 1550 ကျပ်

ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) (၁)ပိဿာ 1250 ကျပ်


ပဲဆီ (ပုသိမ်) (လက်ကား) 10400 ကျပ်

**Source:** https://greenwaymyanmar.com/posts/market_price_for_june_16

## အိန္ဒိယဆန်ကွဲ တရုတ်ပြည်သို့ အများဆုံးတင်ပို့



https://www.foodindustrydirectory.com.mm




https://www.foodindustrydirectory.com.mm

တရုတ်နိုင်ငံဟာ အိန္ဒိယဆန်ကွဲ အများဆုံး တင်သွင်းနေတဲ့ နိုင်ငံဖြစ်နေပါတယ်။ ယခင်က အိန္ဒိယဆန်ကွဲကို အာဖရိကနိုင်ငံများသို့သာ အဓိကအားဖြင့် တင်ပို့ခဲ့ပါတယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်နိုင်ငံက အိန္ဒိယထံမှ ဆန်နှင့်ဆန်ကွဲမက်ထရစ်တန် ၁.၆၃၄ သန်းတင်သွင်းခဲ့ပြီး ၉၇% နီးပါးရှိတဲ့

မက်ထရစ်တန် ၁.၅၇၆ သန်းက ဆန်ကွဲဖြစ်ပါတယ်။

ဆန်ကွဲကို အကြီးအသေး နှစ်မျိုးခွဲခြားရာ၌ ဆန်စေ့အပြည့် အလျား၏လေးပုံသုံးပုံထက်တိုနေပြီး ထက်ဝက်ကျော်နေပါက အကြီးဟုသတ်မှတ်ပြီး ထက်ဝက်အောက်ဆိုပါက အသေးဟုသတ်မှတ်ကြပါတယ်။

ကုန်သွယ်ရေးကျွမ်းကျင်သူများက တရုတ်နိုင်ငံက အိန္ဒိယဆန်ကွဲကို ပြည်တွင်းဝိုင်အရက်ထုတ်လုပ်မှုအတွက် စက်မှုကုန်ကြမ်းအဖြစ် ဝယ်ယူခြင်းအပြင် ခေါက်ဆွဲထုတ်လုပ်ဖို့အတွက်လည်း ဝယ်ယူတယ်လို့ ပြောကြားကြပါတယ်။ အိန္ဒိယဆန်တင်ပို့သူများအသင်း All India Rice Exporters Association ဥက္ကဋ္ဌဟောင်း Vijay Setia က" တရုတ်က ဆန်ကွဲကိုပဲ အဓိကထားပြီးဝယ်ပါတယ်။ ဆန်ကွဲကို ကုန်ကြမ်းအဖြစ်သုံးစွဲပြီး ဝိုင်ချက်တယ်။ ခေါက်ဆွဲလုပ်တယ်" လို့ ပြောကြားပါတယ်။

Covid-19 ကပ်ရောဂါကာလမတိုင်ခင်က တရုတ်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့ပြီး ဆန်စက်အချို့ကို ကြည့်ရှုခဲ့ကြောင်း သူကပြောကြားပါတယ်။ ကျွမ်းကျင်သူတို့က ဆန်ကွဲအဝယ်များလာရတာ ယူကရိန်းကို ရုရှားကျူးကျော်စစ်ဆင်နွှဲတာကြောင့် ပြောင်းဈေးနှုန်းများ မြင့်တက်တဲ့အတွက် ဆန်ကွဲကို ပိုအသုံးများလာတယ်လို့ဆိုပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4608-china-biggest-importer-of-indian-broken-rice.html

## ၂၀၂၂ ခုနှစ် ဇွန်လ ၁၀ ရက်မှ ၁၆ ရက်အတွင်း အာရှဆန် တစ်ပတ်တာအခြေအနေ

ယခုသီတင်းပတ် ဝယ်လိုအားပျော့ကျသဖြင့် ပြည်ပပို့ထိုင်းဆန် ဈေးနှုန်းများကျဆင်းပါသည်။ ထိုင်းဘတ်ငွေနှင့် ကန်ဒေါ်လာလဲနှုန်းတွင် ဘတ်ငွေတန်ဖိုးကျခြင်းကြောင့်လည်း ပြည်ပပို့ထိုင်းဆန်ဈေးနှုန်းများ ကျဆင်းပါသည်။

ထိုင်း ၅%ဆန်ကွဲပါဆန် <RI-THBKN5-P1> ဈေးနှုန်းများ ယခင်သီတင်းပတ်တွင် $450-$460 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $430-$440 သို့ ကျဆင်းသည်။ "ဘတ်ငွေ ဈေးကျ၊ ဝယ်လိုအားလည်းကျလို့ ပြည်ပပို့ဆန် ဈေးကျပါတယ်" ဟု ဘန်ကောက်မှ ဆန်ကုန်သည်က ရိုက်တာသတင်းဌာနသို့ပြောကြားသည်။ ဘတ်ငွေ ဆန်ဈေးနှုန်းကို ကန်ဒေါ်လာသို့ ပြောင်းပြီး ပြည်ပပို့ဆန်ဈေးနှုန်းကိုပြောဆိုသည်ဖြစ်ရာ ဘတ်ငွေ ကန်ဒေါ်လာလဲနှုန်း အတက်အကျကြောင့်လည်း ထိုင်းဆန်ဈေးပြောင်းလဲသည်။ ရောင်းစရာဆန်များ အလုံအလောက်ရှိနေပြီး နောက်လတွင်ဆန်သစ်ပေါ်မည်။

ဘင်္ဂလားဒေ့ရှ်တွင် မိုးများသဖြင့် စပါးခင်းများပျက်သည်။ အိမ်နီးနားချင်း အိန္ဒိယမှဆန်များရောက်အလာကို မျှော်နေကြသည်။ဆန်တန်ချိန် ၃၀၀,၀၀၀ နီးပါးထွက်ရှိမည့် စပါးခင်းများရေလွှမ်းမိုးသဖြင့် ပျက်စီးကုန်သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်သည် ပုံမှန်အားဖြင့် ဆန်ထုတ်လုပ်မှုမြင့်မားသည်။ သဘာဝဘေးကျရောက်သဖြင့် စပါးခင်းများ ထိခိုက်ပျက်စီးကုန်သည့်အခါ ပြည်ပမှတင်သွင်းရသည်။ ယခင်သီတင်းပတ်က စားနပ်ရိက္ခာဝန်ကြီးက ပုဂ္ဂလိကကုန်သည်များကို ဆန်တင်သွင်းရန် ခွင့်ပြုမည်ဟုပြောကြားခဲ့သည်။

အိန္ဒိယဆန်ကို ကုန်းလမ်းဖြင့် နယ်ခြားမှတစ်ဆင့် တင်သွင်းသည်။ ကုန်းလမ်းကရေကြောင်းထက် ကုန်ကျစရိတ်ပိုသက်သာသည်။မြန်မာ့ဆန်ကို ဥရောပနှင့် တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့နေပြီး၊ အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်သို့လည်း တင်ပို့လျက်ရှိသည်။ ပြည်ပသို့တင်ပို့သော တန်းမြင့်ပေါင်းဆန်များကို ဥရောပဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိသည်။ လက်ရှိတွင် ပြည်ပသို့ တစ်လလျှင် ဆန်တန်ချိန် နှစ်သိန်းခန့်တင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ သွင်းအားစု မြေဩဇာဈေးနှုန်း ကြီးမြင့်မှု၊ သယ်ယူစရိတ်ကြီးမြင့်မှုနှင့် ဆန်စက်များလည်ပတ်မှုကျဆင်းခြင်းတို့ကြောင့် ပြည်တွင်းဈေးနှုန်းမြင့်တက်နေသည်။ မွေးမြူရေးအစာအတွက် ကုန်ကြမ်း၊ ယမကာချက်ရန် စက်မှုကုန်ကြမ်းလိုအပ်ချက်အရ ဆန်ကွဲ ပြည်တွင်းဝယ်လိုအားရှိနေသည်။အိန္ဒိယဆန် ၅% ဆန်ကွဲပါ ပေါင်းဆန်အမျိုးအစား <RI-INBKN5-P1> ယခင်အပတ် ဈေးနှုန်း မပြောင်းလဲပါ။ တစ်တန် $357-$362 ဖြစ်ပါသည်။ ရူပီးငွေဈေး စံချိန်တင်ကျနေသဖြင့် ကန်ဒေါ်လာဆန်ဈေးနှုန်းများကို ဈေးမတင်ကြတော့ချေ။ အိန္ဒိယအစိုးရက ဂျုံတင်ပို့မှုပိတ်ပင်ပြီးနောက် အိန္ဒိယဆန်ဝယ်လိုအား ချက်ချင်းမြင့်တက်သည်။

ဗီယက်နမ်ဆန် ၅% ဆန်ကွဲ  <RI-VNBKN5-P1> ခေါ်စျေး ယခုသီတင်းပတ်မှာ မပြောင်းလဲပါ။ တစ်တန် $420-$425 ဖြစ်ပါသည်။ ပြည်တွင်းစပါးစျေး အနည်းငယ်တက်သည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် ဇူလိုင်လလယ် စပါးရိတ်သိမ်းမှု အထွတ်အထိပ်သို့ ရောက်ရှိမည်ဖြစ်သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4612-asia-rice-weekly-june-10-16.html

## မန္တလေးစျေးကွက်အတွင်း ပန်းနှမ်းစျေးနှုန်း မြင့်တက်လာ

မန္တလေးစျေးကွက်အတွင်း ပန်းနှမ်းအရောင်းအဝယ် ကောင်းမွန်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ စျေးနှုန်းမြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

မန္တလေးစျေးကွက်အတွင်း ယခင်က ပန်းနှမ်းများ အရောင်းအဝယ်အေးခဲ့ပြီး စျေးနှုန်းများအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းစျေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးစျေးကွက်အတွင်း စျေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်းသိရသည်။

"ပန်းနှမ်းက အရင်က အဝယ်သိပ်မလိုက်ပေမဲ့ အခုလတ်တလော ပဲ၊ နှမ်း လုပ်ငန်းလုပ်ကိုင်တဲ့ ကုန်သည်တွေ ပြန်ပြီး အဝယ်များလာတယ်။ တချို့ကျတော့လဲ ပန်းနှမ်းကိုသိုလှောင်ထားတာတွေရှိတယ်။ ဒါကြောင့် ပန်းနှမ်းတွေစျေးကွက်ထဲမှာ ကုန်စည်လက်ကျန် နည်းပါးလာပြီး စျေးနှုန်းတွေပြန်ပြီးမြင့်တက်လာတယ်။ ပန်းနှမ်းက ပြည်တွင်းစျေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့အပြင် ပြည်ပစျေးကွက်ကနေလဲ မှာယူတာတွေရှိတယ်။ အခုလတ်တလော ပန်းနှမ်းက အရောင်းအဝယ် တော်တော်လေးပြန်ကောင်းလာတာကြောင့် စျေးတွေကမြင့်တက်လာတယ်။ နောက်ပိုင်း ပန်းနှမ်းတွေ မန္တလေးစျေးကွက်ထဲမှာ စျေးနှုန်းတွေ ပိုပြီးတက်ဖို့အလားအလာရှိတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

ဇွန်လ ပထမပတ်က မန္တလေးစျေးကွက်အတွင်း ပန်းနှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ သာပေါက်စျေးရှိခဲ့သော်လည်း ယနေ့(ဇွန်-၁၆) ပေါက်စျေးအရ ပန်းနှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၃၀၀၀ ပေါက်စျေးရှိပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ စျေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## လေယာဉ်ဆီစျေးတက်သဖြင့် ဇူလိုင်လတွင် Korean Air လေယာဉ်လက်မှတ် စျေးတက်မည်ဟုဆို



လေယာဉ်ဆီ စျေးတက်သဖြင့် ဇူလိုင်လတွင် Korean Air လေယာဉ်လက်မှတ် စျေးတက်မည်ဟုဆို

Korean Air သည် လေယာဉ်ဆီစျေးနှုန်းများ မြင့်တက်နေချိန်တွင် နိုင်ငံတကာခရီးစဉ်များတွင် လောင်စာဆီဖိုး မြင့်တက်သည့်အလျောက် လေယာဉ်လက်မှတ်ခများတွင် အပိုထပ်ဆောင်းကောက်ခံရန် စီစဉ်ထားကြောင်း လေကြောင်းလုပ်ငန်းဆိုင်ရာ သတင်းရင်းမြစ်များက ကြာသပတေးနေ့ (ဇွန်လ ၁၆ ရက်)တွင် ပြောကြားသည်။

အပိုထပ်ဆောင်းကောက်ခံမည့်ပမာဏမှာ ခရီးစဉ်တစ်ကြောင်းစာအတွက် 42,900 won ($33.30) မှ 339,300 won အထိဖြစ်ပါသည်။ ခရီးစဉ်အပေါ်မူတည်ပြီး အနည်းအများကွာခြားပါသည်။ ၂၀၁၆ ခုနှစ်တွင် အပိုဆောင်းကောက်ခံခြင်းစနစ် surcharge system ကို စတင်ကျင့်သုံးခဲ့ပြီး ယခုအပိုဆောင်းကြေး သတ်မှတ်ချက်သည် အမြင့်မားဆုံးဖြစ်ပါသည်။

ကိုဗစ်ကပ်ဘေးအစကာလ ၂၀၂၀ ဧပြီလမှစ၍ အပိုဆောင်းကောက်ခံခြင်းမပြုဘဲ ရပ်နားထားခဲ့သည်။ ၂၀၂၂ ဧပြီလတွင် ဂျက်လေယာဉ်ဆီ စျေးတက်သဖြင့် အပိုဆောင်းကောက်ခံခြင်းကို တစ်နှစ်တာရပ်နားထားရာမှ ပြန်လည်စတင်ကောက်ခံခဲ့သည်။

Korean Air သည် အပိုဆောင်းကြေးများကို စင်ကာပူဈေးကွက်တွင် ဖြစ်ပေါ်သည့် ဂျက်လေယာဉ်ဆီ ပေါက်ဈေးအရ ပြောင်းလဲသတ်မှတ်ပါသည်။ ဥပမာအားဖြင့် စင်ကာပူလက်ငင်းဈေးကွက်တွင် ဂျက်လေယာဉ်ဆီပေါက်ဈေးသည် တစ်ဂါလံ $1.50 ဈေးတက်သည်ဆိုပါက တစ်လကြာပြီးချိန်တွင် အပိုဆောင်းကြေးကို တိုးမြှင့်သတ်မှတ်မည်ဖြစ်သည်။ အကယ်၍ Korean Air မှ ချမှတ်ထားသည့် စံရည်ညွှန်းဈေးနှုန်းအောက်သို့ ဂျက်လေယာဉ်ဆီ ဈေးနှုန်းကျဆင်းပါက အပိုဆောင်းခ ကောက်ခံခြင်းမပြုတော့ချေ။

မေလ ၁၆ ရက်မှ ဇွန်လ ၁၅ ရက်အထိ တစ်လတာကာလအတွင်း စင်ကာပူဈေးကွက်တွင် ဂျက်လေယာဉ်ဆီ ပျမ်းမျှ ဈေးနှုန်းမှာ ၁ ဂါလံ $3.64 ဖြစ်ပါသည်။

Korean Air လေကြောင်းလိုင်းသည် ရန်ကုန်-အင်ချွန်းခရီးစဉ်အား လာမည့် ဇူလိုင် ၆ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် တစ်ပတ်တစ်ကြိမ် ပျံသန်းမည်ဖြစ်ကြောင်း သိရပါသည်။

**Source:** https://logisticsguide.com.mm/en/industry-news/transportation/226308-jet-fuel-korean-air-fuel-surcharges.html

## ရန်ကုန်တိုင်းဒေသကြီး ပန်းချီဈေးကွက်တွင် သစ်ထွင်းပန်းပုကားချပ်များ ဝယ်ယူစုဆောင်းသူများရှိလာသဖြင့် ပန်းချီကားများနှင့်အပြိုင် ရောင်းချပေးလျက်ရှိ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး ပန်းချီဈေးကွက်တွင် ပန်းချီကားများသာမက ပန်းချီကားကဲ့သို့ ချိတ်ဆွဲအလှဆင်ထားနိုင်သည့် သစ်ထွင်းပန်းပုကားချပ်များလည်း ဝယ်ယူစုဆောင်းသူများရှိလာသဖြင့် ပန်းချီကားများနှင့်အပြိုင် ရောင်းချပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ကိုအောင်အောင်ဇော်က ပြောပြ၍သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပန်းချီဈေးကွက်အတွင်း နေအိမ်ဧည့်ခန်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် ကုမ္ပဏီရုံးခန်းများတွင် ပန်းချီကားများကဲ့သို့ ချိတ်ဆွဲအလှဆင်နိုင်သည့် ပန်းချီကားအရွယ်အစား သစ်ထွင်းပန်းပုကားချပ်များကိုလည်း တန်ဖိုးထားဝယ်ယူစုဆောင်းသူများ ရှိလာသည့်အတွက် ပန်းချီပြခန်းများတွင် ပြသရောင်းချလျက်ရှိကြောင်းသိရသည်။

"အရင်တုန်းက ပန်းချီကသူလိုင်းနဲ့သူပဲ။ သစ်ထွင်းပန်းချီက အရင်အတည်းကရှိပေမဲ့ သူ့ဈေးကွက်က ပန်းပုအရောင်းဆိုင်နဲ့ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်မှာပဲရှိတာပါ။ ပန်းချီပြခန်းက တင်မရောင်းကြဘူး။ အခုနောက်ပိုင်းကျတော့ ပန်းချီပြခန်းတွေမှာလဲ မေးမြန်းတဲ့သူရှိလာတဲ့အတွက် ကျွန်တော်တို့က အွန်လိုင်းပြပွဲတွေဆိုရင် တင်ပေးရင်းနဲ့ နောက်ပိုင်းဈေးကွက်ရှိလာတော့ ကျွန်တော်တို့ပြခန်းမှာတင်ထားပါတယ်။ နောက်ဆိုရင် အဲဒီသစ်ထွင်းပန်းပုကားချပ်တွေချည်း သီးသန့်ပြပွဲလုပ်သွားဖို့ရှိပါတယ်" ဟု ကိုအောင်အောင်ဇော်ကပြောပြသည်။

လတ်တလောတွင် အွန်လိုင်းမှအဓိက ရောင်းချနေရသည့် သစ်ထွင်းပန်းပုကားချပ်များမှာ (၆ x ၃) ပေ၊ ဒု နှစ်လက်မ အရွယ်အစားများဖြစ်ပြီး ဈေးနှုန်းမှာ ငွေကျပ်ခုနစ်သိန်းခန့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မေလဆန်းမှစ၍ ယခုဇွန်လဆန်းထိ သစ်ထွင်းပန်းပုကားချပ်ရေ ၂၀ ခန့် ရောင်းချထားကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပယင်းပန်းပုအရုပ်ငယ်လေးများနှင့် ပယင်းဖိရှူးလက်ပတ်ကြိုးများ အရောင်းသွက်နေ

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပယင်းပန်းပုအရုပ်ငယ်လေးများနှင့် ပယင်းဖိရှူး လက်ပတ်ကြိုးများ အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရွှန်းလဲ့ရတီ ပယင်းသီးသန့် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ မရွှန်းလဲ့ရတီက ပြောပြ၍သိရသည်။

လက်ရှိ ဈေးကွက်အတွင်း အရောင်းသွက်နေသည့် ပယင်းပန်းပုရုပ်တုများမှာ ရွှေငါးရုပ် (ဆွဲသီး)၊ နှင်းဆီပန်းပွင့်၊ နဂါးခေါင်း၊ မြင်းခေါင်းရုပ်၊ ခြင်္သေ့ခေါင်းအရုပ်တို့ဖြစ်ပြီး လူကြိုက်အများဆုံးနှင့်အရောင်းသွက်ဆုံးမှာ ဗီရှူးအကောင်ကလေးများဖြစ်ပြီး ဗီရှူးအကောင်လေးများပါသည့် ပယင်းလက်ပတ်ကြိုးမှာ လူငယ်များဝတ်ဆင်ရန်အတွက် ဝယ်ယူမှုများပြားကြောင်းသိရသည်။

"မေလဆန်းလောက်ကစပြီးတော့ ပယင်းထည်လေးတွေက ပြန်ရောင်းရတယ်။ ဒီလဆန်းမှာတော့ တော်တော်လေးအဝယ်လိုက်တယ်။ ပုံမှန်ရောင်းနေရတဲ့ ပယင်းလက်ပတ်၊ ပယင်းဆွဲကြိုးတွေအပြင် ဆွဲကြိုးနဲ့ဆွဲဖို့ ဆွဲသီးအဖြစ်နဲ့ ရွှေငါးရုပ်၊ နှင်းဆီပန်းပွင့်၊ နဂါး၊ ကျား၊ ခြင်္သေ့ အရုပ်သေးသေးတွေရောင်းရတယ်။ အများစုကတော့ ပယင်းဗီရှူးလက်ပတ်တွေဝယ်ပြီးတော့ဝတ်ဆင်ကြတယ်။ ပယင်းထည်တွေက နဂိုကတည်းက ကျန်းမာရေးကောင်းတယ်ဆိုပြီး ဈေးကွက်ကရှိပြီးသားပါ။ ဒီဇွန်လဆန်းမှာဆိုရင် ပယင်းဗီရှူးလက်ပတ်က တစ်ရက်ကို အကုံး ၂၀၊ ၂၅ ကုံးလောက်ကို အရောင်းသွက်နေပါတယ်" ဟု မရွှန်းလဲ့ရတီကပြောပြသည်။

ပုံမှန်အရောင်းရှိသည့် ပယင်းလက်ပတ်၊ ပယင်းလက်ကောက်၊ ပယင်းဆွဲသီးပါဆွဲကြိုးတို့သည် အရည်အသွေးနှင့်အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းမှာ ငွေကျပ်တစ်သောင်းခန့်မှ ငါးသိန်းထိဈေးရှိပြီး ပယင်းဗီရှူးလက်ပတ်များမှာ ပယင်းအရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းမှာ ငွေကျပ်ငါးသောင်းမှ တစ်သိန်းငါးသောင်းဈေးရှိကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြန်မာနိုင်ငံမှ ဆန်ကွဲများ ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်သို့တင်ပို့

ယူနန် Tengkun ကုန်သွယ်ရေးကုမ္ပဏီလီမိတက်မှလျှောက်ထားသည့် မြန်မာနိုင်ငံမှ ဆန်ကွဲတန်ချိန် ၅၉၀ သည် မုန်တင်ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ယခုရက်အတွင်း ဝင်ရောက်လာခဲ့ကြောင်း မင်္ဂလာမြန်မာမှ သိရှိရသည်။

"ကျွန်တော်တို့ကုမ္ပဏီက မြန်မာနိုင်ငံကနေ ဆန်ကွဲတင်သွင်းနေတာ နှစ်ဝက်လောက်ရှိပါပြီ။ အခုတစ်ခေါက်ဆန်ကွဲတွေကတော့ အများအားဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနဲ့ မန္တလေးပတ်ဝန်းကျင်ဒေသကဖြစ်ပါတယ်။ ယူနန်၊ ကူမင်းကို တင်ပို့ရောင်းချဖို့အတွက် ဝယ်ယူတင်သွင်းတာဖြစ်ပါတယ်။ ဆန်ကွဲကို မြီးရှည်နဲ့ဆန်ခေါက်ဆွဲ ပြုလုပ်နိုင်ဖို့အတွက် တင်သွင်းလာတာဖြစ်ပါတယ်" ဟု ယူနန်ထိန်ကွမ်းမှ တာဝန်ရှိသူ မစ္စတာကျောက်ကပြောသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပူပြင်းသောကြောင့် နေ့ပိုင်းအလင်းရောင်ကြာမြင့်စွာရရှိနိုင်ပြီး အရသာမပျက်သည့်ဆန်ကွဲများထုတ်လုပ်နိုင်ကာ တရုတ်နိုင်ငံမှစားသုံးသူများက အထူးပင်ကြိုက်နှစ်သက်ကြကြောင်းသိရသည်။

**Source: မြန်မာ့အလင်း**

## ဇွန်လအတွင်းကျင်းပမည့် နိုင်ငံတကာပြပွဲများအား လေ့လာနိုင်

ယခုလအတွင်း နိုင်ငံတကာပြပွဲများအား လေ့လာကြည့်ရှုနိုင်ပြီး ပြည်တွင်းပြည်ပဆိုင်ရာ ပြပွဲများနှင့်ပတ်သက်၍ ပါဝင်ပြသလိုသည့်လုပ်ငန်းရှင်များအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်၏ ပြပွဲဌာနစိတ်၊ အသင်းသားရေးရာဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ ပြပွဲများမှာ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ပြသမည့် 16th Indian Fashion Jewellery and Accessories Show–IFJAS 2022 ၊ The 32th Taipei International Food Show မှာ ဇွန် ၂၂ ရက် ၂၅ ရက်၊ International Trade Fair ICT Spring မှာ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁ ရက်တို့ဖြစ်ကြောင်း သိရှိရသည်။

**Source: မြန်မာ့အလင်း**

# STOCK EXCHANGE (17.6.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Jun. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | +0 | +0.00% | 7,500 | 7,700 | 7,500 | 280 | 2,122,400 | 33,109,694 | 254,945 |
| MTSH | 00002 | 2,700 | +50 | +1.89% | 2,650 | 2,700 | 2,650 | 551 | 1,462,700 | 38,929,150 | 105,109 |
| MCB | 00003 | 6,900 | -900 | -11.54% | 6,800 | 6,900 | 6,800 | 249 | 1,703,200 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 5 | 90,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,600 | 2,600 | 2,550 | 6 | 15,350 | 12,823,224 | 32,699 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 25 | 63,750 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 52 | 254,800 | 10,497,598 | 51,438 |


## Market summary

As of 17th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 351.45 | -4.53 | -1.27% | 346.19 | 351.45 | 346.19 | 1,168 | 5,712,200 | 7 | 611,397 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 17th Jun. 2022

| MYANPIX | 351.45 ▼ 4.53 |
|---|---|
| Total Volume (shares) | 1,168 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 611,397 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▲ 0 |
| MTSH | 00002 | 2,700 | ▲ 50 |
| MCB | 00003 | 6,900 | ▼ 900 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |